KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၁၉ခုနှစ်၊ မေလ၊ ၂၉ရက်/ KHRG မှတ်တမ်းလွှာအမှတ် # 19-34-I1

---

# ဒူးပလာယာခရိုင် မှုခင်းဆိုင်ရာမှတ်တမ်းလွှာ : ကြာအင်းဆိပ်ကြီး မြို့နယ်အတွင်း ဒေသခံလယ်သမားတစ်ဦးပိုင်ဆိုင်သည့် ကျွဲတစ်ကောင်ကို တပ်မတော်စစ်သားများမှ ခိုးယူခြင်း၊ ၂၀၁၈ခုနှစ် ဒီဇင်ဘာလ

---

*၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလတွင် တပ်မတော်တပ်ကြပ်နှင့် ၎င်း၏စစ်သားနှစ်ဦးမှ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဒေသခံလယ် သမားတစ်ဦး၏ကျွဲတစ်ကောင်ကို ခိုးယူခဲ့သည်။*

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | ခိုးယူမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | **၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၆ရက်** |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊မြို့နယ်၊ ခရိုင်)** | **ဘ----**ကျေးရွာ၊ **ကြာအင်းဆိပ်ကြီး**မြို့နယ်၊ ဒူးပလာယာခရိုင် |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| *အမည်* | နော်က--- |
| **အသက်** | - |
| **ကျား/မ** | မ |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ |

| | |
|---|---|
| **အလုပ်အကိုင်** | - |
| **ကိုးကွယ်သည့် ဘာသာ** | ခရစ်ယာန် |
| **ရာထူးအဆင့်** | - |
| **နေရပ် ရပ်ရွာအမည်** | ဘ---ကျေးရွာ |

| **ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအချက်အလက်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊တပ်ရင်း၊<br>တပ်မ** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိအမည်** |
| နီချေ | တပ်ကြပ် | ချေလ်င့်တပ်ရင်း #၃၂ | ကြာအင်းဆိပ်ကြီးမြို့ | တပ်ရင်းမှူး သိန်းစိုးထိုက်၊ ဒုတပ်ရင်းမှူး သန်းဇော် |

## **အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စိစစ်ခြင်း**

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ခြင်းကို ရှင်းပြပါ။** |
|---|
| ဒေသခံတစ်ဦးမှ ကဇ်နော်တော် (KHRG သတင်းစုဆောင်းသူ) ကို ဤအကြောင်းအရာအားပြောပြခဲ့သည်။ ထို့နောက် ကဇ်နော်တော်သည် ထိခိုက်နစ်နာသူဖြစ်သည့် နော်က---နှင့်တွေ့ဆုံ၍ ဤအကြောင်းအရာကို မေးမြန်းခဲ့သည်။ သို့သော် သူမ၏လုံခြုံရေးနှင့်ပတ်သက်၍ သူမသည် ကဇ်နော်တော်ကို အသံဖမ်းစက်ဖြင့် မေးမြန်းခြင်းလုပ်ရန်နှင့် သူမအား ဓာတ်ပုံရိုက်ရန် ခွင့်မပြုခဲ့ပါ။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၄င်းတို့တစ်ဦးခြင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
|---|
| ဤအကြောင်းအရာကို ကဖ်ချိုးခံရသူ ဒေသခံလယ်သမားဖြစ်သည့် နော်က---ကိုယ်တိုင်ပြောပြခဲ့ပါသည်။ |

## **အဆင့် ၃- အခင်းဖြစ်ပွားပုံ**

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကိုပြည့်စုံစွာရေးသားဖော်ပြပေးပါ။** |
|---|
| ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၆ရက်နေ့တွင် တပ်မတော် ချေလ်င့်တပ်ရင်း#၃၂မှ တပ်ကြပ်နီချေနှင့် ၎င်း၏စစ်သားနှစ်ဦးမှ ဒေသခံလယ်သမားဖြစ်သူ နော်က---ပိုင်ဆိုင်သည့်ကဖ်ချွဲကောင်ကို ခိုးယူခဲ့သည်။ |

၎င်းတို့သည် ထိုကျွဲကောင်ကို ပိုက်ဆံဆယ်သိန်းဖြင့် ဒေသခံမူစလင်လယ်သမားဖြစ်သူ ဦးတ---ထံတွင် ရောင်းစားခဲ့သည်။ [ဤဖြစ်စဉ်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုသဘောတူစာချုပ်မှ အခန်းကြီး (၂)တွင် ရေးသားထားသော ပြည်သူများပိုင်ဆိုင်သည့်ပစ္စည်းဥစ္စာများကို ခိုးယူလုယက်ခြင်းများကို တားမြစ် ထားသည့်အချက်ကို ချိုးဖောက်ခြင်းဖြစ်သည်။]

နော်က---သည် ၎င်း၏ကျွဲကောင်ကို လိုက်လံရှာဖွေနေစဉ်တွင် ဦးတ---ထံတွင်တွေ့ရှိခဲ့သည်။ ထို့နောက် သူမသည် ဤအကြောင်းအရာကို ကျေးရွာအာဏာပိုင်များထံသို့တင်ပြခဲ့သည်။ ထို့နောက် ဦးတ---သည် အဖမ်းခံခဲ့ရသည်။ ဦးတ---အား စစ်ဆေးမေးမြန်းခဲ့ရာမှ တပ်ကြပ်နီချေနှင့် ၎င်း၏စစ်သားနှစ်ဦးမှ သူ့အား လာရောက်ရောင်းချခဲ့ကြောင်းရှင်းပြခဲ့သည်။

ခြေလျင်တပ်ရင်းအမှတ်#၃၂မှ ဒုတပ်ရင်းမှူး သန်းဇော်သည် နော်က---ကို ဤအကြောင်းအရာအား မဖြန့်ဝေရန်တားမြစ်ခဲ့သည်။ ၎င်းသည် ဤဖြစ်စဉ်ကို အရေးယူဆောင်ရွက်သွားမည်ဟု သူမကို ပြောခဲ့သည်။ ပြစ်မှုကျူးလွန်ခဲ့သော စစ်သားများသည် တပ်၏စည်းမျဉ်းစည်းကမ်းအရ အချုပ်ထဲတွင် ခြောက်လအပြစ် ပေးခံခဲ့ရသည်။

ဤဖြစ်စဉ်မှာ ခြေလျင်တပ်ရင်းအမှတ်#၃၂မှ ဒေသခံများ၏ကျွဲများကို ခိုးယူပြီးရောင်းစားခဲ့သည့် ပထမ ဦးဆုံးကျူးလွန်မှုမဟုတ်ပေ။ ဒေသခံတစ်ဦး၏ပြောပြချက်အရ *"ဒီလိုကျူးလွန်မှုတွေကို နောက်ထပ်မဖြစ် အောင် ရပ်တန့်နိုင်ဖို့အတွက် ကျွန်မရှင့်ကို ဒီအကြောင်းအရာတွေပြောပြမယ်။ ပြီးရင် ကျွန်မဒီအကြောင်း အရာကို အများသိအောင်ဖြန့်ဝေစေချင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီခြေလျင်တပ်ရင်းအမှတ်#၃၂က ကြာအင်းမြို့နယ်မှာရှိတဲ့ဒေသခံတွေကို ဖိနှိပ်တဲ့အတွက်ကြောင့်ဖြစ်တယ်"*။

ကျေးရွာ၏ဓလေ့ထုံးထမ်းစဉ်လာတရားစီရင်ရေးအရ ဦးတ---သည် လျော်ကြေးအဖြစ် နော်က---အား ငွေကျပ် (၆)သိန်းပေးခဲ့ရသည်။ သို့သော် ဦးတ---သည် ကျွဲကောင်အတွက် တပ်ကြပ်နီချေအား ပေးခဲ့သော ငွေကြေးပြန်မတောင်းရဲတော့ပေ။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရပ်ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့ သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| နော်က---သည် ဤအကြောင်းအရာကို အသုံးပြုရန် ခွင့်ပြုချက်ပေးခဲ့သည်။ |